# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၁၅ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၃ - ၁၀ - ၂၀၁၄ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို အများပြည်သူ ဝယ်ယူဖတ်ရှုနိုင်သောဈေးနှုန်းဖြင့် အုပ်ရေများ တိုးချဲ့ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး စေလွှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အမျိုးအစားအလိုက် ကြိုတင်သတ်မှတ်မှုနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေတို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဖလမ်းမြို့တွင်းနှင့် လုံးပီးစိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းများကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှ ထွက်လာသော ရေများကို ပိုက်လုံးများဖြင့် သွယ်တန်း ပေးပြီး လျှပ်စစ်အားအသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးဝန်ထမ်းများအား အခြားပြည်ထောင်စုဝန်ကြီး ဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုဖတ်ကြားတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင် (Koh Tao) ကျွန်း၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် က ဖြစ်ပွားခဲ့သော ဗြိတိန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားနှစ်ဦး အသတ်ခံရမှုကိစ္စအတွက် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သား လူငယ်နှစ်ဦး ဖမ်းဆီးခံထားရသည့် ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှ ထိုင်းနိုင်ငံ၊ အမျိုးသား ဥပဒေပြုညီလာခံ ဥက္ကဋ္ဌထံသို့ သဝဏ်လွှာ ပေးပို့နိုင်ရေး** အရေးတကြီး အဆို တင်သွင်းခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။